# MTSH

## Myanmar Thilawa SEZ Holdings Public Limited

### အထူးအထွေထွေအစည်းအဝေးနှင့် ပဉ္စမအကြိမ်မြောက်

### နှစ်ပတ်လည် အထွေထွေအစည်းအဝေး

# ဖိတ်ကြားစာ

ကျင်းပမည့်နေ့ရက် – ၂၉–၉–၂၀၁၈ (စနေနေ့)

ကျင်းပမည့်အချိန် – နံနက် (၁၀:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီ

ကျင်းပမည့်နေရာ – **Myanmar Event Park** (မင်းဓမ္မ)


Rooftop Floor, UMFCCI Office Tower

No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon.

+95 1 2301772, 2301773, 2301853

info@mtshmyanmar.com

www.mtshmyanmar.com

# MTSH Myanmar Thilawa SEZ Holdings Public Limited


















MTSH Myanmar Thilawa SEZ Holdings Public Limited

# MTSH

## မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

## Myanmar Thilawa SEZ Holdings Public Limited

# ဖိတ်ကြားလွှာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် (MTSH) ၏

အထူးအထွေထွေအစည်းအဝေး

နှင့်

ပဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ

ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | – | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် (စနေနေ့) |
| စတင်မှတ်ပုံတင်ရမည့်အချိန် | – | နံနက် (၇း၃၀)နာရီတိတိ<br>(အစုရှယ်ယာရှင်များ အမည်စာရင်းမှတ်တမ်းတင်ရန်) |
| အစည်းအဝေးစတင်မည့်အချိန် | – | နံနက် (၁၀း၀၀)နာရီတိတိ |
| အစည်းအဝေးကျင်းပမည့်နေရာ | – | Myanmar Event Park (မင်းဓမ္မ) |

# အစည်းအဝေးတွင်ဆောင်ရွက်မည့်ကိစ္စရပ်များ

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အသစ်ပြန်လည်ရေးဆွဲထားသည့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (MTSH) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြုခြင်း။

၂။ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား တင်ပြခြင်း။

၃။ အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုခွဲဝေခြင်းနှင့် ဒါရိုက်တာအဖွဲ့၏ဆုကြေးအား အတည်ပြုခြင်း။

၄။ ၂၀၁၈–၂၀၁၉ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

၅။ ၂၀၁၈–၂၀၁၉ ခုနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

**" အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၂၅.၉.၂၀၁၈)နေ့ ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည် "**

အစုရှယ်ယာရှင်အရေအတွက် များပြားလှပါသဖြင့် စိစစ်ရန် အကန့်အသတ်ရှိ၍ အစည်းအဝေးသို့ ဤဖိတ်စာဖြင့် ပူးတွဲပေးပို့ထားသည့် အစုရှယ်ယာရှင်၏အမည်၊ ဖိတ်ကြားစာအမှတ်နှင့်ပါသည့်စာရွက်အား တစ်ပါတည်း ယူဆောင်၍ ကြွရောက်မှသာလျှင် တက်ရောက်ခွင့်ရှိမည်ဖြစ်ကြောင်း လေးနက်စွာဖြင့် အသိပေး အပ်ပါသည်။

# အမြတ်ဝေစု ခွဲဝေမည့် စနစ်အား ရှင်းလင်းတင်ပြခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စာရင်းရှင်းတမ်းအရ ဒါရိုက်တာအဖွဲ့သည် ရရှိလာသည့် အမြတ်ငွေများ အပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် ကျင်းပမည့် ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် တက်ရောက်လာသည့် အစုရှယ်ယာရှင်များ၏ သဘောထား အတည်ပြုချက်ရယူ၍ အစုရှယ်ယာရှင်များ ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုလျှင် ကျပ်နှစ်ရာ့သုံးဆယ်တိတိအား ခွဲဝေပေးရန်၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၆)ရက် နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၈) ၌ ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေပေးမည့် အဆိုပါအမြတ်ဝေစုကို အစုရှယ်ယာရှင်တစ်ဦးချင်း၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ်ထားသော အစုရှယ်ယာရှင်မှတ်တမ်းတွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့၌ပါရှိသည့် အစုရှယ်ယာပိုင်ဆိုင်မှု အရေအတွက်အတိုင်း ရရှိမည်ဖြစ်ပါသည်။

အမြတ်ဝေစုများထုတ်ဝေပေးရာတွင်-

Securities ကုမ္ပဏီများဖြစ်သော KBZSC, MSEC, AYAtrust Securities, CB Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုအား မိမိတို့ဖွင့်လှစ်ခဲ့သည် Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။ အမြတ်ဝေစု ခွဲဝေထုတ်ပေးမည့်နေ့ကို ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပပြီးစီးသည့်နေ့၏ နောက်ပိုင်းတွင် နိုင်ငံပိုင်သတင်းစာများနှင့် အခြားသတင်းစာများ၊ MTSH ၏ Website www.mtshmyanmar.com နှင့် Social Media ဖြစ်သည့် www.facebook.com/mtshofficial တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

အစုရှယ်ယာသက်သေခံလက်မှတ် မလိုသောစနစ် (Scriptless Electronic System) သို့ ပြောင်းလဲရန်အတွက် Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအတွက် ထုတ်ယူရမည့်နေရာနှင့် ရက်စွဲအား ဆက်လက် ကြေညာပေးသွားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံ ပေးဆောင်ရန် မလိုကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

# အမြတ်ဝေစု ထုတ်ယူရန်ကျန်ရှိသည့် အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်မှ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တို့အတွက် ခွဲဝေပေးသည့် အမြတ်ဝေစုအား အကြောင်းကြောင်းကြောင့် လာရောက်မထုတ်ယူရသေးသည့် အစုရှယ်ယာရှင်များအနေဖြင့် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် (MTSH)၊ အစုရှယ်ယာဌာန<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အဆောက်အဦး၊ Roof Top Floor, အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်ဖုန်း | - ၀၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃၊ ၂၃၀၁၈၅၃၊ ၀၉-၉၆၉၉၉၇၈၀၀၈ |
| E-mail | - share@mtshmyanmar.com |

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

---

## အသိပေးကြေညာချက်

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် တာဝန်ယူထားသည့် ဒါရိုက်တာအဖွဲ့မှ ပဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် တင်ပြမည့် နှစ်ပတ်လည်အစီရင်ခံစာ စာအုပ်အား ဖိတ်စာဖြင့်တစ်ပါတည်း ထည့်ဝေရန်ဖြစ်သော်လည်း ပုံနှိပ်ရသည့်အချိန် ကန့်သတ်ချက်ကြောင့် CD ခွေသာ ထည့်သွင်းနိုင်ခဲ့ပြီး (၂၉-၉-၂၀၁၈)နေ့ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်နေ့တွင် တက်ရောက်လာသည့် အစုရှယ်ယာရှင်များအား ပေးဝေသွားမည်ဖြစ်ပါကြောင်းနှင့် ၃၁-၀၈-၂၀၁၈ နေ့မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာအား MTSH ၏ www.mtshmyanmar.com Website တွင် တင်ထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်













MTSH





## Myanmar Event Park (MEP)
## ကားလမ်းကြောင်းများ



## MTSH ၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် တက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် အစုရှယ်ယာရှင် သက်သေခံဖြတ်ပိုင်း

MTSH နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင် ဦးရေများပြားလှပါသဖြင့် အချိန်နှင့်တစ်ပြေးညီ စိစစ်နိုင်ရန်အတွက် အစုရှယ်ယာရှင်အနေဖြင့် တက်ရောက် မှတ်ပုံတင်စာရင်း ပေးသွင်းချိန်၌ လည်းကောင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လာပါက မဲဆန္ဒပြုလွှာထုတ်ယူနိုင်ရန် အတွက် လည်းကောင်း၊ **ဤဖြတ်ပိုင်း(မူရင်း)နှင့်မှတ်ပုံတင် (မူရင်း)တို့ကို မဖြစ်မနေ ပြသရမည်ဖြစ်၍ နှစ်ပတ်လည်အစည်းအဝေး သို့တက်ရောက်ရာတွင် မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည်** ဖြစ်ပါသည်။

ဖိတ်ကြားစာအမှတ် ( )

A Member Name :

B N.R.C No. / Co. Reg No. :

C No. Of Share :

မှတ်ချက် ။ အစုရှယ်ယာရှင်အနေဖြင့်ယခုပေးပို့သည့်စာရွက်တွင်ဖော်ပြထားသော A, B, C ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက MTSH ရုံးချုပ်ထံသို့ 25-9-2018 (အင်္ဂါနေ့) ညနေ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (01-2301772, 2301773, 2301853, 2301884, 2301885) သို့ဖြစ်စေ လိုအပ်ချက်များကိုကြိုတင်ပြင်ဆင်ပေးနိုင်ရန်အတွက် အကြောင်းကြားဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

# အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ဖိတ်ကြားစာအမှတ် ---------------- ဖြစ်သည့် အစုရှယ်ယာရှင် ကျွန်ုပ် ဦး/ဒေါ် ---------------------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------- -----------) သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် ကျင်းပမည်ဖြစ်သော ကုမ္ပဏီ၏ အထူးအထွေထွေအစည်းအဝေး နှင့် ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် မဲဆန္ဒပေးခွင့်ရှိသူ ကိုယ်စားလွှဲအပ်ခြင်းခံရသူအဖြစ် ကျွန်ုပ်တို့၏ ကိုယ်စား–

- ဦး/ဒေါ် ---------------------------- (မှတ်ပုံတင်အမှတ် -----------------------)

အား လွှဲအပ်ခန့်ထားလိုက်သည်။

| | |
|---|---|
| အစုရှယ်ယာရှင်လက်မှတ် | ---------------------- |
| အစုရှယ်ယာရှင်အမည် | ---------------------- |
| ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက် | ---------------------- |

## <u>စည်းကမ်းချက်များ</u>

၁။ ကိုယ်စားလှယ်လွှဲစာတွင် ကျပ် ၅၀/–တန် တံဆိပ်ခေါင်းကပ်ရန် ကုမ္ပဏီမှ တာဝန်ယူပါသည်။

၂။ ကိုယ်စားလှယ်လွှဲပေးပြီးပါက ပြန်လည်ရုပ်သိမ်းခွင့် မပြုတော့ပါ။

၃။ အစုရှယ်ယာပိုင်ရှင်၏ မှတ်ပုံတင် (မိတ္တူ)၊ ကိုယ်စားလှယ်လွှဲခံရသူ၏ မှတ်ပုံတင် (မိတ္တူ) နှင့် အချက်အလက်များ အပြည့်အစုံဖြည့်ထားသည့် ကိုယ်စားလှယ်လွှဲစာ (မူရင်း)။

၄။ ၂၅–၉–၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ (၁၆း၀၀)နာရီတွင် MTSH ရုံးချုပ်သို့ အရောက်ပေးပို့သည့် လျှောက်လွှာများကိုသာ ထည့်သွင်း စဉ်းစားပေးမည်ဖြစ်ပါသည်။

* အထူးအထွေထွေအစည်းအဝေးနှင့် ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ ကိုယ်စားလှယ်လွှဲခံရသူသည် မိမိမှတ်ပုံတင်မူရင်းနှင့် QR Code ပါ အဝါရောင်စာရွက်အား သက်ဆိုင်ရာကောင်တာတွင် ပြသမှတ်ပုံတင်၍ မဲဆန္ဒပြုလွှာများ ထုတ်ယူရပါမည်။

MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

သို့

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ( )ရက်။

**ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ**

လူကြီးမင်းခင်ဗျား. . . .

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်တွင် ယင်းကုမ္ပဏီ၏ ပြောင်းလဲသတ်မှတ်မည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို လိုက်နာလျက် ၂၀၁၈–၂၀၁၉ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်အသစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် -----------------
အဆိုပြုသူအမည် ------------------
မှတ်ပုံတင်အမည် -------------------
နေရပ်လိပ်စာ --------------------

**<u>ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏</u>**

**<u>အရည်အချင်းသတ်မှတ်ချက်နှင့် စည်းကမ်းချက်များ</u>**

၁။ အစုရှယ်ယာအရေအတွက် တစ်ထောင်နှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့်ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိမိနေထိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၂၅–၉–၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ (၁၆း၀၀)နာရီတိတိအချိန်တွင် MTSH ရုံးချုပ်အရောက် နောက်ဆုံးထားပေးပို့ရန်နှင့် အချိန်မီပေးပို့ထားသော လျှောက်လွှာများကိုသာ ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပါသည်။

# မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်
# ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏
# ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံ
ကပ်ရန်

| | | |
|---|---|---|
| ၁။ | အမည် | ---------------------------------- |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------------------------- |
| ၃။ | မွေးသက္ကရာဇ် | ---------------------------------- |
| ၄။ | ပညာအရည်အချင်း | ---------------------------------- |
| ၅။ | လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ | ---------------------------------- |
| ၆။ | မိဘအမည်၊ ကိုးကွယ်သည့်ဘာသာ | ---------------------------------- |
| ၇။ | လက်ရှိနေရပ်လိပ်စာ | ---------------------------------- |
| | | ---------------------------------- |
| ၈။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | ---------------------------------- |
| | အီးမေး(လ်) | ---------------------------------- |
| ၉။ | ဝယ်ယူထားသည့်အစုရှယ်ယာလက်မှတ်<br>အမှတ်နှင့်အရေအတွက် | ---------------------------------- |
| ၁၀။ | ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ | ---------------------------------- |
| | | ---------------------------------- |
| | | ---------------------------------- |
| | | ---------------------------------- |
| ၁၁။ | အခြားလုပ်ငန်းအတွေ့အကြုံ | ---------------------------------- |
| | | ---------------------------------- |
| | | ---------------------------------- |

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

------------------